
ရာရှိဦးသာ
ဥပေက္ခာရင်ခွင်

စာရေးသူ ရာရှိဦးသာ
ဝတ္ထုအမည် ဥပေက္ခာရင်ခွင်
(၁)

ခြံထဲကားထိုးကွေ့လိုက်သည်နှင့် ခြံထဲမှ ထွက်လာသောကားဖြင့် မျက်နှာချင်းဆိုင် သွားလေသည်။ ထိုအခါ သူကပဲ နောက်ဆုတ်ပေးလိုက်ရ၏။

တစ်ဖက်ကားမှ မှန်ချပြီး သူ့ကားအား ကြည့်နေသည်ကိုပင် မမိုတ်မသုန် တစ်ချက်မျှသာ ကြည့်ကာ ခြံထဲမောင်းဝင် လာခဲ့တော့သည်။

"ဟော သားတောင်ပြန်လာပြီ"

"ဟုတ်ကဲ့မေမေ"

"အစောကလေးတင် မောင်မိုးနတ်တို့လင်မယား ပြန်သွားကြတာကွဲ့ သား နဲ့တောင် တွေ့သွားသေးလား ခြံရှေ့မှာ"

"ကားတစ်စီး ထွက်လာတာတော့ တွေ့လိုက်ပါတယ် သားအပေါ်တက် တော့မယ်နော်မေမေ"

"နေဦးသား ထိုင်ဦး"

မေမေက ထိုင်ဆိုသည့်အတိုင်း သူလည်း အိတ်ကိုဘေးချကာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက် မျက်မှန်ကိုအသာချွတ်ပြီး အိတ်ထဲထည့် လိုက်ကာ မေမေ့စကားကို နားထောင်ဖို့ရာ စောင့်စားနေလိုက်ပါသည်။

"မင်း မောင်မိုးနတ်ကိုတော့ သိတယ်မဟုတ်လား"

"အင်း ... ကိုနေ့သူငယ်ချင်း ကိုမိုးနတ်လေ သိပါတယ်မေမေ ဒါနဲ့ဘာလို့လဲ"

"မေမေဝေ့ဝိုက်မပြောတော့ဘူး ဒီတော့ သားသေချာနားထောင်ပါ မောင်မိုးနတ်ရဲ့သမီးနဲ့ သားကို နေရာချထားပေးမလို့ မေမေအားလုံးစီစဉ်ပြီးပြီ"

"ဗျာ မေမေ"

"ဟုတ်တယ်ကေသ မေမေက နင့်ကို အိမ်ထောင်ပြုစေချင်နေတာ မေမ့ရောဂါအကြောင်း သိတယ်နော် နင်ငြင်းဖို့မကြိုးစားနဲ့"

မေမ့အား နှိပ်နယ်ပေးနေရင်းက မရီးဖြစ်သူခတ္တာ ပြောလိုက်ခြင်းကြောင့် သူ့ခေါင်းတွေပင် ကြီးသွားရတော့သည်။ တကယ်ပဲ မေမေစီစဉ်နေသလား ...

"မေမေ ကိုမိုးနတ်သမီးဆိုတာက ရွှေခက်နဲ့မှ ရွှယ်တူလောက်နေမှာပေါ့ သားနိုင်ငံခြားသွားမဲ့နေ့က လာ ... လာလည်တဲ့ ကလေးလေး မဟုတ်လား မေမေ"

"ဟုတ်တယ်လေသား သားလက်ပေါ်မှာတောင် ရှူးပေါက်ချသေးတယ်လေ"

"ဟား ... "

ကေသ ဟားခနဲဖြစ်သွားပြီး ဆိုဖာအနောက်မှီကို လှန်ချလိုက်တော့သည်။

ခတ္တာ မတ်ဖြစ်သူရဲ့ အရှက်သည်းမှုကို သိနေသဖြင့် မေမေပြောလိုက်သော စကားကြောင့် ရှက်ပြီး မျက်နှာကြီး နီးမြန်းနေတာကို သဘောတကျ ကြိတ်ရယ်နေမိသည်။

သူမခင်ပွန်း ဦးနေရာဇာနဲ့ အသက်ဆယ်နှစ်ကွာတဲ့ ညီအစ်ကိုဆိုသည့်တိုင် ရွယ်တူလောက် ထင်ရလောက်အောင် ကေသရာဇာက လူကြီးဆန်သည်။

ကျောင်းအုပ်ဖြစ်ပြီး သွားမှမဟုတ်ပါ။ ဟိုအရင် ငယ်ငယ်ကတည်းက အေးဆေးသည်။ စကားနည်းသည်။ စည်းစနစ်ကြီးသည်။ ခင်ပွန်းသည်က ခေတ်မီမီဝတ်ဆင်ပေမဲ့ မတ်ဖြစ်သူကတော့ အမြဲလည်ကတုံးအင်္ကျီနှင့် လုံချည်ကိုသာ ဝတ်ဆင်တတ်သည်။

"ဘယ်လိုစိတ်ကူးနဲ့ သားကိုလက်ထပ်ဖို့ ပြောနေတာလဲမေမေ သားလုံးဝ လက်မခံနိုင်ဘူးနော် သားရဲ့အသက်အရွယ် သားရဲ့အလုပ်အကိုင်နဲ့ ကလေး သာသာ မိန်းကလေးကို လက်ထပ်လိုက်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အနေအထားပါ သားကိုချစ်တယ်ဆိုရင် စီစဉ်ထားတာ ဖျက်သိမ်းပေးပါ နော်"

"ဘယ်နှယ့်ကလေးသာသာတုန်း သားရယ် မေမေ့တုန်းကဆို မင်းအဘွား က ဆယ့်ခြောက်နှစ်သမီးနဲ့ မင်းဖေဖေကို လက်ထပ်စေခဲ့တာကွဲ့ ဆယ့်ကိုး နှစ်ဆယ်ဆိုတဲ့အရွယ်ဟာ မငယ်တော့ဘူးသား ဒီတော့မေမေ ဒီမင်္ဂလာပွဲ ကို လုံးဝဖျက်မှာမဟုတ်ဘူးဆိုတာ သားသိထားပါ"

ထိုင်နေရာမှ မေမေ့ခြေရင်းဝင်ထိုင်ကာ တောင်းပန်သလို ပြောလိုက်ပေမဲ့ မေမေကတော့ ခါးခါးသီးသီးကို ငြင်းနေပါသည်။

ပြုံးစိစိဖြစ်နေတဲ့ မရီးကိုလည်း အမြင်မကြည်စွာ ကြည့်လိုက်မိသည်။ မီးလောင်ရာ လေပင့်နေသူမို့ ဒီကိစ္စ ကိုနေ့အား တိုင်တန်းရပေဦးမည်လို့ တွေးနေမိသည်။

"ကလေးမလေးက ဒီလကုန်ရင် ကျောင်းကိစ္စရှင်းသွားပြီ ဒီတော့ နောက် လကို စီစဉ်ထားတယ် မင်းငြင်းဖို့မကြိုးစားနဲ့ အခုမင်းကို တိုင်ပင်တာ မဟုတ်ဘူး အသိပေးတာပဲ မေမေစီစဉ်သလို လက်ခံပေးပါသား မဟုတ်ရင် မေမေအသေဖြောင့်မှာမဟုတ်ဘူး"

"ဟာ"

"မ ဟာ နဲ့သား မောင်မိုးနတ်မိဘတွေနဲ့ မေမေတို့ ကတိကဝတ်ပြုထားတာရှိတယ်၊ မွေးလာတဲ့သား သမီးတွေကို လက်ထပ်ပေးကြဖို့ပဲ ... ဆိုးတာက မခင်မိုးတို့ မွေးတာကလည်း ယောကျ်ားလေးဖြစ်နေသလို မေမေကလည်း သားတွေချည်းမွေးခဲ့တာ၊ ဒီတော့အစီအစဉ်တွေ ပျက်ကုန်ကြတာပေါ့ ... "

"အင်းလေ ပျက်သွားတဲ့ကိစ္စကို ဘာလို့ ရှေ့ဆက်ချင်နေသေးတာလဲမေမေ ...၊ မဖြစ်နိုင်တော့ဘူးနော် သားလုံးဝလက်မခံနိုင်ဘူး မေမေဆက်ပြီးမစီစဉ်ပါနဲ့"

မေမေ့အား လက်ညှိုးတခါခါနဲ့ပြောရင်း သူတရွေ့ရွေ့ နောက်ဆုတ်လာခဲ့ကာ ခုံပေါ်ကအိတ်ကိုဆွဲယူရင်း လှေကားအတိုင်း အလျင်မြန်ဆုံးနှုန်းနဲ့ တက်သွားလိုက်မိတော့သည်။

"မေမေ့သဘောကို သားငြင်းရင် မေမေ့အလောင်းကိုသာ မြင်ရဖို့ပြင်ထားပေတော့"

"ဟင်"

တစ်ထပ်တည်းကျန်နေသော လှေကားထစ်ကို လှမ်းရန် ဟန်ပြင်လိုက်စဉ် မေမေ့ရဲ့ခြိမ်းခြောက်မှုပါတဲ့ ပြတ်သားတဲ့အသံအား ကြားလိုက်ရသဖြင့် တုံ့ဆိုင်းသွားရတော့သည်။

သူ့အား လှမ်းကြည့်နေသောမေမေ့ကို ပြန်လှည့်ကြည့်ရင်း ကျစ်စုတ်မိသလို ခေါင်းကိုလည်း အကြမ်းပတမ်း ကုတ်လိုက်မိတော့၏။

စူးစိုက်ကြည့်သော အကြည့်တွေက သူမှလက်မခံရင် တကယ်ဖြစ်လိမ့်မည်ဟု စိန်ခေါ်နေသယောင်ရှိနေသဖြင့် ပြောချင်ပေမဲ့ ဘာပြောလို့ ပြောရမှန်းမသိတဲ့ ပါးစပ်က တဟဟနှင့်သာ ရှိနေတော့သည်။

"ဟား ..."

နောက်ဆုံး အရှုံးပေးလိုက်တဲ့အသံပါပဲ ...၊ သို့ပေမဲ့ ခေါင်းမညိတ် ခေါင်းမခါဘဲ အခန်းဆီသို့သာ ခြေလှမ်းကျဲတွေနှင့် လျှောက်သွားလိုက်၏။

အခန်းထဲရောက်မှ စိတ်ပေါက်ပေါက်နဲ့ လက်ထဲကအိတ်ကို ပစ်ပေါက်လိုက်မိကာ တစ်ယောက်တည်း တရှူးရှူးနဲ့ ဒေါပွနေတော့သည်။

"ကျစ် မေမေကလည်းဗျာ"

ဘယ်လိုမှ ပြန်ချေပငြင်းဆန်လို့မရတဲ့ မေမေ့ကြောင့် စိတ်အညစ်ကြီး ညစ်သွားရပြီး ခါးထောက်လျက် လေပူတွေသာ မှုတ်ထုတ်လိုက်မိတော့သည်။

မေမေသာ တစ်ခွန်းဆို ဘယ်တုန်းကမှ မငြင်းခဲ့တဲ့သားအဖြစ် ၃၈ နှစ်တိုင်တိုင် နေလာခဲ့ပြီးမှ ဘဝနဲ့ဆိုင်တဲ့ကိစ္စမှာ မေမေ့ဆန္ဒကို ငြင်းပယ်သင့်သလား။ သို့ပေမဲ့ စောစောကစကားသည် စကားအဖြစ်ပဲပြောတာ မဟုတ်မှန်းလည်း သိနေသဖြင့် စဉ်းစားမရတဲ့အဆုံး နဖူးကိုသာ ကုတ်ခြစ်နေမိတော့သည်။

သူ့အသက်တစ်ဆယ့်ရှစ်နှစ်အရွယ် နိုင်ငံခြားတွင် ပညာသင်ဖို့ သွားမည့်နေ့တွင် ကိုနေ့သူငယ်ချင်း ကိုမိုးနတ်တို့မိသားစု လာလည်ကြသည်။

နဂိုကအသန့်အပြန့် ကြိုက်သူမို့ တူမဖြစ်သူ ရွှေခက်ကိုပင် Diaper မှမပါရင် ချီပိုးတတ်သူမဟုတ်ပါ။

သွားဖို့လည်း အဆင်သင့်ဖြစ်နေသလို ကားဆီလည်း ရောက်ပြီးခါမှ သူ့အား လက်တကားကားနဲ့ အခေါ်ခိုင်းနေသော ကလေးမလေးကို ညှော်သည်တွေအား အားနာသဖြင့် ခေါ်ချီလိုက်သည်နှင့် တန်းပြီး ရှူးပေါက်ချလေတော့သည်။

ပြီးနောက် ခုနစ်လသားအရွယ် ကလေးမလေးက သူ့အား မျက်နှာချိုသွေးကာ တစ်ချောင်းတည်းသော အောက်သွားလေးပေါ်အောင် ရယ်ပြီး သူ့ပါးကိုပင် နမ်းသွားသေးသည်။

ပြင်ဆင်ပြီးသားလည်း ဖြစ်သလို အသန့်ကလည်း အလွန်တရာကြိုက်သူမို့ ဟန်မဆောင်နိုင်ဘဲ ထိုကလေးလေးကို မကျေနပ်ကြည့်တွေနဲ့ စူးစိုက်ကြည့်ပြီး ဖျစ်ညှစ်လိုက်သေးသည်။

အသားအရေက ဖွေးဖွေးဖြူပြီး မျက်နှာဝိုင်းဝိုင်းလေးနဲ့ မျက်လုံးကလည်း အနက်ဆံကြီးစိုးထားလေတော့ အတော့်ကို ချစ်ဖို့ကောင်းတဲ့ကလေး ဖြစ်လင့်ကစား သူ့အဖို့ ကိုင်ပေါက်ချင်စရာ ဖြစ်နေခဲ့သည်။

ထို့နောက် သူလည်း နိုင်ငံခြားမှာရှိနေခဲ့သလို ကိုမိုးနတ်တို့ မိသားစုသည်လည်း လွိုင်ကော်သို့တာဝန်နှင့် ပြောင်းသွားသည်ကို ကိုနေ့ဆီမှ နောက်ဆုံးသိလိုက်ရပြီး အခုမှပြန်ကြားရခြင်းဖြစ်သည်။

ထိုမိန်းကလေးနဲ့ လက်ထပ်လိုက်ဖို့ ဆိုတာကတော့ အတွေးနဲ့တင်ကို မဖြစ်နိုင်တဲ့အရာ ဖြစ်နေခဲ့ပေမဲ့ မေမေကတော့ ရှေ့ဆက်တော့မည်မို့ သားလိမ္မာပဲ ဆက်လုပ်ရလေမလား ... ဒါမှမဟုတ် ပထမဆုံးအကြိမ် ဆန့်ကျင်လိုက်သင့်သလား ... ဆိုတာ ဒီတစ်ညတော့ ညလုံးပေါက် စဉ်းစားနေရပေတော့မည်။

***

ကန်တင်းတွင် ဆူဆူညံညံနဲ့ အသံစုံထွက်ပြီ ဆိုသည်နှင့် အားလုံးကနှာခေါင်းရှုံ့လျက် မဲ့ရွဲ့တတ်ကြသော အဖွဲ့ကတော့ အုပ်တို့အဖွဲ့ပင်ဖြစ်၏။

ဖြူနု၊ ဝင်းပပ၊ ရွှေခက်နဲ့ အုပ်လို့အများခေါ်တဲ့ ဥဿဖရားတို့ဟာ စီးပွားရေးတက္ကသိုလ်ရဲ့ နောက်ဆုံးနှစ်ကျောင်းသားတွေဖြစ်၍ အားလုံး

ထက် စီနီယာလည်းကျသည်မို့ မည်သူမှရှေ့တင်တော့ မလေးမစားမလုပ်ရဲကြပါ။

အခုလည်း တဟားဟားနဲ့ ဝါးလုံးကွဲအောင် ရယ်မောနေကြသလို ခုံအပြည့်လည်း စားစရာတွေ မှာနေကြလေသည်။

"ဟဲ့ ငါ့ကော်ဖီမလာသေးဘူးလား မေ့နေဦးမယ်နော်"

"လာပါပြီ အစ်မလေး"

"ဟင်း ငါ့အသံတော်တော် ကြားချင်နေတယ်ဟုတ်လား အော်ပြောလိုက်မှပဲ လာတော့တယ် ပပမှာထားတဲ့ ထမင်းသုတ်ကရော မလာသေးဘူးလား ဒီမှာအူခေါက်ပြီး သေရင် တာဝန်ယူမှာလားနင်"

"ဗျာ အစ်မတို့ ရယ်နေနိုင်သေးတာပဲ ဘာမှတော့ မဖြစ်လောက်ပါဘူး ...၊ ဒါပေမဲ့ အမြန်လုပ်ခိုင်းလိုက်ပါ့မယ် အစ်မလေး"

ဝိတ်တာကောင်လေး ပြေးပြောပြောသွားတာမို့ ဖြူနုအံကြိတ်လျက် လက်သီးပင် လှမ်းရွယ်လိုက်မိတော့သည်။ ဖြူနု ဝိတ်တာလေးကို ဒေါသဖြစ်နေသည်အား မချောသုံးယောက်က သဘောတကျ ရယ်မောနေ ကြပြန်သဖြင့် ...

"တော်ပြီ စိတ်တိုနေတာနော်"

"ကဲပါဖြူရယ် ... နင့်ကော်ဖီပဲရပြီပဲ သောက်လိုက်ပါတော့၊ သူဗိုက်ဆာနေတာနဲ့ ကောင်လေးကို သွားရစ်နေတယ် တကတဲ"

ရွှေခက် ပြောလိုက်လျှင် အုပ်နဲ့ပပက ပါးစပ်ကို လက်နဲ့အုပ်ကာပြီး ရယ်နေကြလေသည်။

ပြုံးပြုံးပြီး ကြည့်နေတဲ့ ဖြူ့အကြည့်တွေကြောင့် အားလုံးအရယ် ရပ်လိုက်ပေမဲ့ မချိုမချဉ် မျက်နှာပေးကတော့ ကျန်နေသေးပါ၏။

"ဟဲ့ ငါနင်တို့ကို အရေးကြီးသတင်းကို ပြောဖို့မေ့နေတယ်ကြည့်စမ်း"

ရွှေခက် ပါမုန့်ကြက်ဥကြော်ကို ခက်ရင်းနဲ့ ထိုးကော်လိုက်ပြီးမှ ပြန်ချကာ ကိုယ့်နဖူးကိုယ်ရိုက်ပြီး ပြောလိုက်တော့ အားလုံးခေါင်းချင်း ပူးသွားကြသည်။

"ဘာသတင်းလဲခက်"

"ငါ့လေးလေးလေ ... "

ဆက်မပြောတဲ့ ရွှေခက်ကြောင့် အားလုံးလည်ပင်းတွေ ဆန့်လျက် မေးတငေါ့ငေါ့နဲ့ စိတ်ဝင်တစား နားထောင်ဖို့ စိတ်စောနေပြီး ရှေ့ကိုပိုတိုးလာသည်မှာ ရွှေခက်နဲ့ မျက်နှာချင်းထိလုမတတ် ဖြစ်သွားတော့သည်။

"မိန်းမယူရတော့မယ်သိလား"

"ဟားဟားဟား"

ရွှေခက်မှာတော့ အတည်အကျ မျက်နှာလေးနဲ့ ပြောလိုက်ပေမဲ့ ဝိုင်းရယ်ကြတဲ့ သူတို့ကြောင့် စူပုတ်ပုတ် ဖြစ်သွားပြီးပါမုန့်ကိုသာ ပလုတ်ပလောင်း ဝါးစားနေလိုက်တော့သည်။

"အဟင်းဟင်း ... တကယ်ကြီးလားခက် နင့်လေးလေး စက်ရုပ်ကြီးက မိန်းမယူမယ်ပေါ့၊ ဟားဟား ဟဲ့ပပနဲ့ဖြူ ငါအူတက်တော့မယ် ဟားဟား ... "

"ရယ်ကြပါ ဟွန်း ငါ့လေးလေးကို လှောင်တယ်ပေါ့လေ ... သူလည်းလူပဲ လက်ထပ်တာ ဘာဆန်းလဲ၊ ငါကနင်တို့ကို လေးလေးရဲ့မင်္ဂလာပွဲ အကြောင်းထက် မင်္ဂလာပွဲမှာ သတို့သမီးအရံလုပ်ဖို့ကို ပြောချင်တာ"

အတည်ကြီးပြောနေတဲ့ ရွှေခက်ကြောင့် ရယ်နေရာမှ တိခနဲရပ်သွားကြပြီး မျက်နှာတည်လေးတွေနဲ့ စောစောက ခွက်ထိုးခွက်လန် ရယ်နေကြတာ

သူတို့မဟုတ်တဲ့ အတိုင်းပင်။

"ဟဲ့ ခက် သူ့မှာရည်းစားမရှိဘူးဆို ဘယ်ကမိန်းကလေးလဲ"

"ငါလည်းမသိပါဘူး အုပ်ရယ် ဘွားဘွားစီစဉ်ပေးတာ သူ့အသိမိတ်ဆွေရဲ့ သမီးတဲ့ ငါလည်း မနေ့ညကမှသိရတာ ...၊ လေးလေးက ငြင်းတယ်တဲ့ မေမေပြောပြတာ"

"ဟုတ်လား ဘာပဲဖြစ်ဖြစ် နင့်လေးလေး အသက်ကြီးမှ ဆန်းပွင့်တာပဲ ... နော်အုပ်"

"ဟုတ်တယ် ဒါပေမဲ့ နင်တို့စဉ်းစားကြည့်စမ်း ... စက်ရုပ်ကြီးက သူ့မိန်းမကို ဘယ်လိုဆက်ဆံမလဲ၊ ဟိတ်မိန်းကလေး မင်းမရယ်နဲ့ ... ဟိတ်မိန်းကလေး လမ်းလျှောက်တာ ဖြည်းဖြည်းညင်ညင်သာသာ လျှောက်စမ်း"

ခါးကိုမတ်ပြီး လက်ကိုကားကာ ဥသဖရားက ယောက်ျားသံကြီးနဲ့ လေးလေးသဏ္ဌာန်ဆောင်ကာ ခပ်တည်တည် မျက်နှာပေးနဲ့ လက်ညှိုးထိုးပြီး ပြောနေလေသဖြင့် အားလုံး ရယ်နေကြရလေသည်။

လေးလေးကို သူတို့မတွေ့ဖူးကြပေမဲ့ ရွှေခက်လေးလေးအား မကျေနပ်ခြင်းများကို သူငယ်ချင်းတွေအား နေ့တိုင်း ဖောက်သည်ချ ပြောဆိုတတ်တာကြောင့် လေးလေးရဲ့ပုံစံကို မှန်းသမ်းပြီး ဥသဖရား လုပ်ပြနေခြင်းဖြစ်လေသည်။

ရွှေခက်လည်း သိချင်ပါ၏။ လေးလေးရဲ့ဇနီးလောင်းက ဘယ်လိုပုံစံ ဖြစ်နေနိုင်မလဲဆိုတာ ...

စည်းကမ်းကြီးပြီး အမိန့်ပေးရတာကြိုက်တဲ့ ကျောင်းအုပ်ကြီးပီပီ သူယူမဲ့မိန်းမကတော့ ပြားပြားဝပ် နေရမှာတော့အမှန်ပင်။

"ဒါဆို ငါတို့က အရံလုပ်ပေးရမယ်ပေါ့ ဟေ့ဟေ့ လုပ်မှာ နင့်လေးလေး

မင်္ဂလာဆောင်တာကို မျက်စိနဲ့သေချာကြည့်ဦးမှာ"

"ပပကလည်း ရွှေခက်လေးလေးက ခန့်ချောကြီးဆို သတို့သားဝတ်စုံနဲ့ လိုက်မှာပါဟဲ့"

"ဖြူပြောချင်တာ အဲဒီလိုမဟုတ်ဘူးပပရဲ့ ... သတို့သမီးလက်ကိုတွဲပြီး မျက်နှာတည်ကြီးနဲ့ ဘယ်လိုတွေတောင် ဧည့်ခံနေမလဲဆိုတာ သိချင်တာ"

အုပ်ရဲ့အပြောကို ဖြူနုက မျက်လုံးလေးတစ်ဖက် မှိတ်လျက် "ရိုက်စ်" လို့ ပြောလိုက်သဖြင့် အုပ်ကလည်း ပခုံးလေးလှုပ်ရမ်းပြီး ပြုံးနေလေ၏။

"ရွှေခက် နင့်လေးလေး ဘယ်သူနဲ့ယူမလဲဆိုတာ ဖေဖေသိလောက်မယ် ထင်တယ်ဟ၊ နင့်အဖေသိရင် ငါ့အဖေလည်း သိမှာသေချာတယ် ပြန်ရင် မေးကြည့်ဦးမယ် ... ဒါနဲ့ နင့်အဒေါ်လောင်းက အသက်ကြီးကြီးထဲကပဲလား မသိဘူးနော်ခက်"

"အေးဟာ မသိတော့ပါဘူး မေမေ့ကိုမေးတာလည်း လုံးဝမဖြေဘူး ဒီမနက် လေးလေးမျက်နှာကြီးက မှုန်ကုပ်နေတာပဲ ...၊ ငါတောင် အဆူမခံခဲ့ရလို့ စိတ်ထဲတစ်မျိုးဖြစ်နေတာ ဟဲဟဲ"

နေ့တိုင်းတစ်နေ့တစ်မျိုး မရိုးရအောင် ဆူပူတတ်တဲ့ ရွှေခက်လေးလေးကို မမြင်ဖူးပေမဲ့ အတော်လေးတော့ ရင်းနှီးနေခဲ့ပါသည်။ ခင်မင်ခဲ့တဲ့ သက်တမ်းတစ်လျှောက် သူ့လေးလေးအကြောင်း မပါတဲ့စကားက တစ်ရက်လေးတောင်မရှိခဲ့ပါ။

သူမတို့ကသာ ရွှေခက်လေးလေးကို လှောင်ပြောင်နေကြပေမဲ့ ရွှေခက်ကတော့ တကယ်ကြောက်နေတဲ့ပုံပါ။ အုပ်သာ ထိုကဲ့သို့ နေ့တိုင်းအဆူခံရလျှင် အိမ်ကနေ ထွက်ပြေးမိမလားမသိ။

"ကျွတ်ကျွတ် အဲဒီအန်တီကတော့ သနားစရာပဲ ခြသေ့်စက်ရုပ်ကြီးနဲ့

တစ်သက်လုံးနေသွား ရတော့မှာဆိုတော့လေ သူ့ဘဝက လှောင်အိမ်ထဲက ငှက်လိုပဲ နေသွားရတော့မှာပေါ့ သနားပါတယ်နော်"

တွေးတွေးဆဆနဲ့ပြောရင်း ဦးကေသရာဇာဆိုသူ၏ ဇနီးလောင်းကို အုပ် သနားနေမိတော့သည်။ ကျန်တဲ့မိန်းမတွေကလည်း သူမနည်းတူ ဖြစ်နေကြလေသဖြင့် ရွှေခက်က ခုံကိုပုတ်ကာ ...

"အမယ်လေးဟဲ့ တကတည်း သနားနေလိုက်ကြတာ ...၊ ဒီမှာ ငါ့လေးလေးက အပြစ်ပြောတတ်တာကလွဲရင် စိတ်ထား အရမ်းကောင်းတယ်ဟဲ့ သူနဲ့ရမဲ့မိန်းမကသာ ကံကောင်းတာ သိရဲ့လားမိန်းမတွေ"

"ဟုတ်ပါပြီ"

တညီတညွတ်တည်း အော်ပြောလိုက်တော့ ရွှေခက်နားပင် အူသွားပြီး လက်နှစ်ဖက်နဲ့ ပိတ်လိုက်ရတော့သည်။

အမျိုးမျိုးလည်း တတ်နိုင်တဲ့မိန်းမတွေ ...

"ဟော မောင်လာပြီ ငါသွားတော့မယ်နော်"

"ဟဲ့ အုပ် အမယ်လေးဟဲ့ ရည်းစားလည်းတွေ့ရော နံ့နံ့တက်ဖြစ်သွားလိုက်တာ"

ပပပြောလိုက်လျှင် ရွှေခက်ပါ ထောက်ခံလိုက်သည်။

တစ်မနက်လုံး သူမတစ်ယောက်တည်းသာ ငြိမ်နေရပြီး အခုမှပဲ ပထမဆုံးအကြိမ် ထောက်ခံလိုက်ရခြင်း ဖြစ်၏။

"ဖြစ်ရမယ်ဟဲ့ မောင်ကညနေ နယ်ပြန်တော့မှာတဲ့ အခုချိန်လေးပဲတွေ့ရမှာ ဘိုင့်ဘိုင်"

အုပ်လက်ပြ နှုတ်ဆက်ပြီး အိတ်ဆွဲကာ ကရောကပါး ပြေးထွက်သွားသည်ကို တစ်ယောက်ပုံစံတစ်မျိုး မဲ့ရွဲ့ကျန်နေခဲ့ကြတော့သည်။

ရွှေခက်ကလွဲပြီး ကျန်တဲ့သူတွေက ချစ်သူရည်းစားတွေနဲ့သာ။ ဖြူနုနဲ့ဝင်း ပပက ငယ်ချစ်တွေနဲ့တစ်ယောက် ဆိုတစ်ယောက် အတည်တကျတွဲကြပေမဲ့ အုပ်ကတော့ ထိုသို့မဟုတ်ပါ။ ကောင်လေးတွေတစ်ယောက်ပြီး တစ်ယောက်ပြောင်းပြီး တွဲသလို အမျှင်တန်း မကျန်ခဲ့အောင်လည်း အရှင်းဖြတ်ပစ်တတ်သေးသည်။ ရွှေခက်ကတော့ လေးလေးကို ကြောက်လို့လည်းပါ သလို ကိုယ်တိုင်ကလည်း ရင်ခုန်တဲ့သူ မတွေ့သေးတာကြောင့် ရည်းစားမထားဖြစ်သေးပါ။

အုပ်ရဲ့လက်ရှိ ရည်းစားကတော့ ပြေငြိမ်းဆိုသည့် လူငယ်သာဖြစ်ပြီး အခြေကြီးကြီးထဲကပဲဖြစ်၏။ ဒီတစ်ယောက်ကိုတော့ အုပ်က သဘောကျသည်လို့ ရွှေခက်တို့ကို ပြောပြထားပြီးဖြစ်သလို အားလုံးကလည်း အတည်တွဲစေချင်တာကြောင့် အုပ်အိမ်က မသိအောင် အားလုံး ဖုံးဖိပေးထားကြခြင်းဖြစ်၏။

***

အုပ်အိမ်ပြန်ရောက်သည်နှင့် ဧည့်ခန်းတွင်ထိုင်နေသော ဖေဖေနဲ့မေမေ့ကို လှမ်းအလေးပြု နှုတ်ဆက်ပြီး ဆက်လျှောက်သွားစဉ် ရွှေခက်လေးလေး အကြောင်းက အတွေးထဲ လက်ခနဲပေါ်လာပြီး ပြန်လှည့်လာလိုက်သည်။

"မေမေ ဖေဖေ သမီးပြောစရာရှိတယ်"

"ဖေဖေတို့လည်း ပြောစရာရှိတယ် သည်းငယ်"

"ဟုတ်လား ဒါပေမဲ့အုပ်အရင် ပြောမယ်နော် သမီးသူငယ်ချင်းရွှေခက်ကို ဖေဖေသိတယ်မဟုတ်လား၊ ဖေဖေ့သူငယ်ချင်း ဦးနေရာဇာရဲ့ သမီးလေ ဖေဖေရယ် ... သူကပြောတယ် သူ့လေးလေးမင်္ဂလာဆောင်မှာ သမီးကို သတို့သမီးအရံ လုပ်ပေးရမယ်တဲ့ အဲဒါပြောမလို့ ...၊ တော်ကြာအနားနီးမှ မလုပ်ရဘူး မပြောနဲ့နော် ဟွန့်"

"သည်းငယ်ပြောတာ မောင်ကေသရာဇာရဲ့ မင်္ဂလာပွဲကိုပြောနေတာလား"

"ဟုတ်တယ်လေဖေဖေ အဲဒီနေ့ကျရင် သတို့သမီးအရံလုပ်မှာ သတို့သား အရံလေး လက်နဲ့တွဲပြီး ဟိဟိ"

ကိုယ့်အတွေးနဲ့ကိုယ် သဘောတွေ စွတ်ကျနေတဲ့သူမကို ဖေဖေနဲ့မေမေ ခေါင်းတခါခါ ကြည့်နေလေတော့ မျက်နှာပိုးသတ်ပြီး ...

"ဒါနဲ့ဖေဖေ ရွှေခက်လေးလေးက ဘယ်သူနဲ့ယူမှာလဲဟင် ... ရွှေခက်က မသိဘူးတဲ့ ဖေဖေသိလားဟင်"

အုပ်က ခါးကိုညွတ်ပြီး ဖခင်နားနား တိုးကပ်မေးလိုက်လျှင် ဖေဖေက မျက်မှောင်ကုတ်လျက် ပြန်ကြည့်နေလေသည်။

***